
စိတ်ကူးချိုချိုအနုပညာ

# မြန်မာရနံ့

## ကလေးကဗျာများ

### မအိ



mgyoe.com



## မော်နီတာ

– အတန်းထဲမှာ လူတော်မို့ကွဲ့
မော်နီတာ ... လို့ခေါ်ကြတယ်။

– ဆရာမက ရာထူးခန့်အပ်
သံအမတ်ကြီးနှယ် ခန့်ညားတယ်။

– ကျောသားရင်သား မခွဲခြားဘဲ
ဘုရင်တစ်ပါးလို ကျင့်ရမယ်။

– ဆရာမရှိချိန် အတန်းကိုထိန်းလို့
ငြိမ်းချမ်းငြိမ်သက်စေကြောင်းရှယ်။

– စည်းကမ်းလိုက်နာ ဆရာကောင်းတပည့်
ပန်းကောင်းပန်စို့ တို့အတူကွယ်။

– အတန်းဂုဏ်ကို ဆောင်နိုင်ပါမှ
တို့ကျောင်းတော်သား ပီသမယ်။

– တပည့်ကောင်းမှ ဆရာကောင်းဘဝ
တို့ဆရာမ ပိုင်သဖွယ်။

– ဆရာမချစ်တဲ့ တပည့်များအဖြစ်ကို
တို့တစ်တွေ နှစ်သက်ခံယူမယ် ...
ကျင့်ကွယ် ... ကျင့်မယ် ...။ ။

ISBN9789997111678
POEM43
9 789997 111678
1,500.00KS

မြန်မာရနံ့ကလေးကဗျာများ မအိ
မျက်နှာဖုံးနှင့်အတွင်းပန်းချီ - ဗိုသံ
စာမျက်နှာ ၉၆ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မြန်မာရနံ့ကလေးကဗျာများ

မအိ

mgyoe.com

ပထမအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | တန်ခူးလ | ၁ |
| ၂။ | ကဆုန်လ | ၃ |
| ၃။ | နယုန်လ | ၄ |
| ၄။ | ဝါဆိုလ | ၅ |
| ၅။ | ဝါခေါင်လ | ၆ |
| ၆။ | တော်သလင်းလ | ၈ |
| ၇။ | သီတင်းကျွတ်လ | ၉ |
| ၈။ | တန်ဆောင်မုန်းလ | ၁၀ |
| ၉။ | နတ်တော်လ | ၁၁ |
| ၁၀။ | ပြာသိုလ | ၁၃ |
| ၁၁။ | တပို့တွဲလ | ၁၄ |
| ၁၂။ | တပေါင်းလ | ၁၅ |
| ၁၃။ | နှိုးဆော်စာ | ၁၆ |
| ၁၄။ | ကံငါးပါး | ၁၈ |
| ၁၅။ | သားအမိ | ၁၉ |
| ၁၆။ | သားဖိသုကာ | ၂၀ |
| ၁၇။ | သားသမားတော် | ၂၁ |
| ၁၈။ | မေ့သား ကျောင်းဆရာ | ၂၃ |


mgyoe.com

mgyoe.com
၁၉။ သားပန်းချီကျော် ၂၄
၂၀။ မေ့သား ကြွက်ခြေနီ ၂၅
၂၁။ မီးသတ်ရဲဘော် ၂၆
၂၂။ စာရေးဆရာ မေမေ့သား ၂၈
၂၃။ သားသား ကာယဗလမောင် ၂၉
၂၄။ မေမေ့သား တရားသူကြီး ၃၀
၂၅။ မေ့သား ယာဉ်ထိန်းရဲ ၃၁
၂၆။ ချွန်ပေ့ တော်ပေ့ မေ့သမီးချော ၃၃
၂၇။ သမီး သူနာပြု ၃၄
၂၈။ သမီးလိမ္မာ ၃၅
၂၉။ ကဗျာဆရာမ ၃၆
၃၀။ မေမေ့ဘော်ဒီဂတ် ၃၈
၃၁။ တို့ဆရာမ ၄၀
၃၂။ Duty ဆရာမ ၄၁
၃၃။ ပါရဂူမြေဖြူ ၄၂
၃၄။ ကျောင်းအုပ်ကြီး ၄၃
၃၅။ တစ်နေ့တာ ၄၆
၃၆။ သမီးသီတဲ့ ပန်းသုံးကုံး ၄၈
၃၇။ သမီးလေးရဲ့ စာသင်ကျောင်း ၄၉
၃၈။ ရှာမှ ရှား ၅၀
၃၉။ တာဝန်ကိုယ်စီ ၅၂
၄၀။ သားသားနဲ့ ဘောလုံး ၅၃
၄၁။ မူလွန်ကျောင်းသူ ၅၄
၄၂။ မော်နီတာ ၅၆
၄၃။ စံပြကျောင်းသား ၅၈
၄၄။ သူငယ်ချင်းကောင်း ၅၉
mgyoe.com

mgyoe.com


၄၅။ ကျောင်းမုန့်ဈေးတန်း ၆၀

၄၆။ ကျောင်းရှေ့က ပိတောက်ပင် ၆၂

၄၇။ ကျောင်းပိတ်ချိန် ၆၄

၄၈။ သားသားတို့ရဲ့ YBS ၆၆

၄၉။ ယုံရခက်ခက် ၆၇

၅၀။ မိတ်ဆွေဟောင်း ၆၈

၅၁။ မြန်မာ့တစ်ပင်တိုင် မုန့်ဟင်းခါး ၇၀

၅၂။ တို့များရိုးရာ စတုဒီသာ ၇၁

၅၃။ မိသားစုကထိန် ၇၂

၅၄။ လိုက်မှာလား... ဘုရားပွဲ ၇၃

၅၅။ လွတ်လပ်ရေးပွဲ ပြေးခုန်ပစ် ၇၆

၅၆။ မြန်မာ့သနပ်ခါး ၇၇

၅၇။ ပွဲဈေးပြန် ၇၈

၅၈။ မြန်မာအစာ မြန်မာလျှာ ၈၀

၅၉။ ဖြူမြငယ် ၈၂

၆၀။ ပုတုလေး ၈၄

၆၁။ ငြိမ်းချမ်းရေး ၈၆

၆၂။ တစ်သွေး ... တစ်သား ... တစ်ပြည်ထောင် ၈၇

၆၃။ ငါတို့ချစ်တဲ့မြေ ၉၁

၆၄။ ရိုးရာပွဲ ၉၃

၆၅။ အဖေ ... သမီး ခေါင်းနဲ့ပန်း ၉၄


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

 mgyoe.com


## တန်ခူးလ (April)

– ပေရယ် သင်္ကြန် တန်ခူးလ
ပိတောက် ငုဝါ ပွင့်ဖူးစ
မြန်မာနှစ်ဆန်း သမယ
သင်္ကြန်မိုးနဲ့ မမ က။

– ပွဲတော်နွဲပျော် ခေါင်းလျှော်မြို
သက်ကြီးရွယ်အို ပူဇော်ပွဲ
လူကြီးလူငယ် တူယှဉ်နွဲ။

– ရင်ထဲအသည်းထဲ ကြည်ကြည်လင်
မေတ္တာစိတ်ထားပွားကာပင်
ပရိတ်ရေစင် ပရိတ်ပန်း
ကရုဏာနှင့် လွှမ်းခြုံဖျန်း။

– ဘေးမသန်းစေ မျှတမ်းဝေ
သတ္တဝါတွေ ရှင်ပါစေ
သင့်အသက်ကို တစ်ခါလွှတ်
ကိုယ့်အလှည့်ကျ ဆယ်ခါလွတ်
သားလွှတ် ငါးလွှတ် ဒါနဆွတ်။ ။

mgyoe.com

mgyoe.com


# ကဆုန်လ (May)

– လမြတ်ကဆုန် မေမှာကြို
မိုးဦးလေရူး တသုန်သုန်
မိုးသားကျူးပုံ တပ်လှန့်ပြ
မြေသင်းနံ့ ထုံ ကြိုင်တဲ့လ။

– ညောင်ပင်ဗောဓိ ခက်လက်ဖြာ
ပွဲတော်ချိန်ခါ လောင်းမည်သာ
သဗ္ဗညုတ ကျေးဇူးဆပ်
လူသားဗုဒ္ဓ လွန်ထူးမြတ်။

– ဂုဏ်ပြုအပ်ပေ တို့မေမေ
ခြေစုံဦးတိုက် ဦးခိုက်လေ
အမေများနေ့ ဆုံလာတွေ့
မွေးကျေးဇူးရှင် ဘယ်မမေ့။

– ကမ္ဘာ့အလုပ်သမားနေ့မဟာ
စံပြစံပြု သတ်မှတ်လာ
မေ ၁ ရက်မှာ နွဲ့စို့လား
မြန်မာပြည်ဖွား တို့လုပ်သား။ ။

mgyoe.com

mgyoe.com


## နယုန်လ (June)

– ဇွန်လ နယုန် စာပြန်ပွဲ
သံဃာတော်များ အားထုတ်ခွဲ၊
စွဲစွဲမြဲမြဲ ကျက်မှတ်ကာ
ပါဠိပါဌ်သား ကျမ်းဂန်လာ
ရေးပါ၊ ဖြေပါ ဘုန်းဘုရား
ဂုဏ်သရေတော် တိုးစေသား။

– ဖခင်များနေ့ ရောက်လို့လာ
ညွှတ်တွားရင်မှာ မမေ့ပါ
အနန္တဂိုဏ်းဝင် ဖခင်အား
ဦးထိပ်ပန်ထား တို့ကိုးစား။

– ကျောင်းအပ်နှံရေး နေ့သေချာ
ရွှေအိုးပညာ ရှေးရှုပါ
နောင်ချိန်ခါ တို့ကျောင်းသား
တိုင်းပြည်တာဝန် ထမ်းစို့လား။ ။

mgyoe.com

mgyoe.com

## ဝါဆိုလ (July)

- ဇူလိုင်ဝါဆို မိုးစွတ်စို
အာဇာနည်နေ့ လွမ်းစိတ်ပို
တုယှဉ်ကြိုးစား လူငယ်အား
နောင်တစ်ခေတ်ရဲ့ ခေါင်းဆောင်များ။

- လောကထွတ်ထား တရားရှင်
ဓမ္မစကြာ ခါတော်သဘင်
စဉ်လာဦးခိုက် မြိုက်ရေအေး
လူနတ်ဗြဟ္မာ တိုက်ခါကျွေး။

- အမျိုးသမီးများ နေ့ထူးခါ
မိန်းမသားကို လေးစားပါ
ကမ္ဘာတစ်ခြမ်းကို ထမ်းပင့်ထား
ပုခက်လွှဲသူ ရွှေလက်များ။ ။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## ဝါခေါင်လ (August)

– ဩဂုတ်ဝါခေါင် ရေဖောင်ဖောင်
သပြေသီးမှည့် ကောက်ရအောင်
တောင်ခြေတောစပ် ရေဖွေးဖွေး
လယ်ကွင်းဆည်မြောင်း အားမာန်သွေး။

– မိတ်ဆွေများနေ့ မှတ်သားပါ
ဖော်သဟာအပေါင်းနဲ့ ပျော်ကြောင်းရှာ
ပညာဥစ္စာ ရှာဖွေမှ
နောက်နောင်ကာလ စိတ်ချရ။

– ဝဿန်လရဲ့ နိမိတ်ပုံ
လျှပ်ပြက်မိုးသား သိုင်းကာခြုံ
သီးဝလံစုံ ဖြိုးကြွယ်ဝ
မိုးသည်းသည်းနဲ့ ချမ်းအေးလှ။

– လေထဲမိုးထဲ ကစားကာ
သားသားမီးမီး ကျောင်းကိုလာ
ခြိမ်းမယောင်ယောင် ဟန်ဆင်ပြ
ကောက်စိုက်သမတွေ ပျော်လွှန်းလှ။ ။

mgyoe.com

 mgyoe.com 

## တော်သလင်းလ (September)

- တော်သလင်းလ စက်တင်ဘာ
  လှေပွဲသဘင် ကျင်းပရာ
  ခွန်အားညီညာ လုံ့လထား
  အောင်ပွဲမှန်သရွေ့ တို့လက်ဖျား။

- ဘိုးဘွားများနေ့ မမေ့ပါ
  ထိခြင်းငါးပါး ကန်တော့မှာ
  ဘာဝနာကို ဦးထိပ်ထား
  ဒါနသီလ မေတ္တာပွား။

- ဝါတွင်းကာလ စောင့်ထိန်းတည်
  ဘုရားရှင်ကျေးဇူး မြတ်ဂုဏ်ရည်
  ဖွဲ့သီဟစ်ကြွေး ရနံ့မွှေး
  သာဓုခေါ်သံ တအေးအေး ...။ ။

mgyoe.com

mgyoe.com


## သီတင်းကျွတ်လ (October)

- လအောက်တိုဘာ ဝါကျွတ်ခါ
အဘိဓမ္မာရက်မြတ် ရောက်လို့လာ
ဝတိံသာက ကြွချီမြန်း
ဘုရားရှင်ကို ပူဇော်ခန်း။

- ဂါရဝေါစ တရားစဉ်လာ
သက်ကြီးဝါကြီး ကန်တော့မှာ
အာစရိယ ကျေးဇူးရှိ
ဆရာများနေ့ ပူဇေမိ။

- ပုထိုး ... စေတီ ... ဘုရားမှာစည်
သွားချည်လာချည် ပျော်ရွှင်မြူး
ကြည်ကြည်နူးနူး ပွဲတော်ထူး
နေ့ရက် လကူး ဝါကျွတ်ဦး။

- ဆီမီးပူဇော် အတူတူနော်
ဘုရားရင်ပြင်ပေါ် ဒေသနာရွှတ်
ရောင်စုံမီးပုံး ဟိုသည်လွှတ်
သည့်ချိန်သည့်ခါ သီတင်းကျွတ်။ ။

mgyoe.com

mgyoe.com


## တန်ဆောင်မုန်းလ (November)

– နိုဝင်ဘာလ တန်ဆောင်တိုင်
သူ့ထက်ငါကောင်း မြိုင်မြိုင်ဆိုင်
ဘယ်သူနိုင်မလဲ ယှဉ်ပြိုင်ပွဲ
မသိုးသက်န်း ရက်လို့နွှဲ။

– ကထိန်ပွဲကြီး ခင်းကျင်းကာ
အိုးစည်ဒိုးပတ် အသံသာ
ဆုရယူပါ ကြည့်ရှင်ပြုံး
ဖိုးဝရုပ်ကြီး အလှဆုံး။

– တန်ဆောင်မုန်းလ ၁၀ ရက်မှာ
အမျိုးသားနေ့ မှန်လှစွာ
နောင်ဆွေသဟာ ညီစေကြောင်း
ကျေးဇူးရှိလို့ မမေ့ကောင်း။ ။

mgyoe.com



## နတ်တော်လ (December)

– ဒီဇင်ဘာ လနတ်တော်
နှင်းမှုန်ဖွေးဖွေး လမ်းလျှောက်ပျော်
စောစောအိပ်ခါ စောစောထ
ဟိုဟိုသည်သည် နှိုးဆော်ရ

mgyoe.com

 mgyoe.com 

– နတ်တော်လဆန်း ၁ ရက်မှာ
စာဆိုတော်နေ့ သတ်မှတ်ကာ
ဇာတိဂုဏ်ဝင့် စာပေမြင့်
ဟောပြောပွဲနဲ့ ပန်တင့်။

– ၂၅ ရက် ဒီဇင်ဘာ
ခရစ္စမတ်ဘိုးဘိုး ရောက်လို့လာ
လက်ဆောင်ငွေ ပေးမဆုံး
သားသားမီးမီး ပီတိဖုံး။ ။

mgyoe.com

## ပြာသိုလ (January)

– ၄ ရက် ဇန်နဝါ ပြာသိုမှာ
လွတ်လပ်ရေးကို ရခဲ့တာ
ကိုယ့်နိုင်ငံချစ် ပြည်သူများ
လွှင့်ထူအလံ မေ့မထား။

– နှင်းများလိမ်းစို ပန်းခွာညို
ပွင့်ချပ်ပွင့်ဖတ် ဆောင်းရိပ်ခို
ညီနောင်ကရင် နှစ်သစ်ကူး
ဖားစည်သံနဲ့ ရွှင်ပျော်မြူး
ကမ္ဘာကြီးပါ နှစ်သစ်ကူး။ ။

mgyoe.com

 mgyoe.com 

## တပို့တွဲလ (February)

– ဖေဖော်ဝါရီ တပို့တွဲမှာ
ပြည်ထောင်စုနေ့ ရောက်လို့လာ
လက်ကမ်းသယ်ပါ အလံအား
ဝိုင်းဝန်းကာကွယ် စောင့်ရှောက်သွား
တစ်မြေတည်းနေ တိုင်းရင်းသား။

– ဖေဖော်ဝါရီ ၁၃ ဟာ
တို့ဗိုလ်ချုပ်ရဲ့ မွေးနေ့ပါ
သည်ရာသီမှာ ထမနဲ
မြိမ့်မြိမ့်သဲသဲ ဖွဲ့စမ်းပွဲ။

– မြန်မာ့ဓလေ့ တို့ရိုးရာ
စဉ်လာမပျက် ထိန်းသိမ်းလာ
ဗိန်းမောင်းသံချို အင်အားပြ
အများသူငါ ပျော်ကြရ
ကုသိုလ်လည်းရ ဝမ်းလည်းဝ။ ။

mgyoe.com

mgyoe.com

## တပေါင်းလ (March)

– တပေါင်းမတ်လ နေရှိန်ညီး
ကျေးဖူးကြီးစွ တောင်သူတွေ
လယ်သမားနေ့ ဂုဏ်ပြုပေ။

– ရေ မီးလှူကာ ပရိတ်ပွား
သူသူငါငါ ကုသိုလ်များ
လပြည့်နေ့မို့ ဘုရားသွား။

– ကမ္ဘာ့ကဗျာဆရာများနေ့ ညီညီညာ
ကဗျာရွတ်ကြ ညံစာစာ
အစဉ်အလာ တပ်မတော်နေ့
ကြိုဆိုလက်ကမ်း ပန်းကုံးပွေ့
မတ်လနှစ်ဆယ့်ခုနစ်ရက်နေ့။ ။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## နှိုးဆော်စာ

– ဘုရားကိုရှိသေ
အသက်ရှည်မယ် ...

– တရားကို ဆည်းကပ်
မြင့်မြတ်ဖွယ် ...

– သံဃာကို ကြည်ညို
ပင်ကိုနူးညံ့
စိတ်သန့်နေပျော်
လူတော်ဖြစ်ကြောင်း
ထုံးဟောင်းကျင့်ဝတ်
မမေ့သင့်ပေ
လိုက် နာ စေ။ ။

mgyoe.com

 gyoe.com 

## ကံငါးပါး

– သူ့အသက်ကို မသတ်လိုက်နဲ့
ပါဏာတိ ... ကံ ထိုက်တတ်တယ်။

– သူ့ဥစ္စာကို ယူငင်ခိုးဝှက်
အဒိန္နာ ကံ မျက်သတဲ့ကွယ်။

– သူ့အိမ်ရာကို ကျူးကျော်မှားရင်
ကာမေသု ကံ မစင်ကြယ်။

– မဟုတ်မမှန် လိမ်ညာပြောက
မုသာဝါဒ ကံ သင့်တယ်။

– မူးယစ်သေရည် သောက်ကာသုံးတော့
သူရာမေရိယကံ တွင်းဆုံးဖွယ်။

– ကံငါးပါးကို နိုင်အောင်တားမှ
အလကားလူ မဖြစ်တော့မယ်
တားကွယ် ... တားမယ် ...။ ။

mgyoe.com

mgyoe.com


## သားအမိ

– လူလေးနာမည် ဖိုးဝလုံး
မေမေ့ကိုမြင် ချိုရွှင်ပြုံး။

– တူတူပုန်းစို့ တွေ့အောင်ရှာ
မတွေ့တော့ရင် ပန်းပေးမှာ။

– ဘယ်ညာပါးပြင် ကြူကြူမွှေး
သားလှလူလေး မေ့ရွှေသွေး။ ။

mgyoe.com

mgyoe.com


## သားဖိသုကာ

– လက်သမား လူလေးမောင်
ခိုအိမ်ကလေး ဆောက်ရအောင် ...


– တစ်ကောင် ... နှစ်ကောင် လာပါလား
သားသမီးတွေ ပွား ...

– ကျလိ ... ကျလိ နှုတ်ခမ်းနီ
လူနှယ် ချိုတေးဖွဲ့လို့သီ ...

– စပါးတွဲတွေ ဝယ်ယူကျွေး
မေမေ့လူလေး မောင်ရွှေသွေး။ ။

mgyoe.com

mgyoe.com

သားသမားတော်

— နားကြပ်ကို ဆောင် လူလေးမောင်
သမားတော်ကြီး ယောင်။

mgyoe.com

mgyoe.com


– ချောင်းဆိုးကိုယ်ပူ သူစစ်ဆေး
လျက်ဆား ပေးလိုပေး။

– မေမေ့သားလေး ကြီးလာရင်
ပညာတတ်အောင် သင်
ကြင်နာ ချိုကြည် နှလုံးလှ
ဆရာဝန် ပီသ။ ။

mgyoe.com

mgyoe.com


## မေ့သား ကျောင်းဆရာ

– ခေါင်းပေါင်းစ တထောင်ထောင်
ကြိမ်လုံးလေးလည်း ဆောင်
ကျောင်းဆရာကြီး မေ့သားမောင်။

– ဟုတ်လိမ့်နိုးယောင် ခေါင်းလောင်းတီး
ကျောင်းကြီးတက်ပြီ ...
ကျောင်းဆင်းပြီ ...။

– အလီကျက်စမ်း ...
စာအံ စမ်း ...
ဘုရားရှိခိုးကန်တော့ပန်း
သားကစားပုံ အတတ်ဆန်း
ရင်သပ်ရှုမော အံ့မခန်း။ ။

mgyoe.com

mgyoe.com

## သားပန်းချီကျော်

– ဖြူစိမ်းနီဝါ အရောင်စပ်လို့
ပန်းချီတစ်ချပ် ဖန်တီးသူ။

– ရှုမျှော်ခင်းလား ... ပုံတူလား ... ကွဲ့
တတ်အောင်ကြိုးစား သားသားရယ်။

– ဆီဆေး... ရေဆေး ... စုံအောင်ရေးတော့
သားလက်ကလေးလည်း ညောင်းပေါ့ကွယ်။

– သားပန်းချီကျော်ဖြစ်လို့သွားရင်
မေမေရင်ကော့ ကြွားချင်တယ်
အားပေးမယ် ... အားပေးမယ်။ ။

mgyoe.com

mgyoe.com


## မေ့သား ကြက်ခြေနီ

– လူလေးမောင်က ကြက်ခြေနီ
ရဲရင့်ကြင်နာ စောင့်ရှောက်မည်။

– ကြည်ကြည်ဖြူဖြူ လက်မနှေးတဲ့
မေ့သား လူယဉ်ကျေးပါကွဲ့။

– နွေးထွေးပျူငှာ ဆက်ဆံရေးနဲ့
နိုင်ငံတစ်ဝန်း အရေးပါမယ်။

– သာမှုနာမှု အသက်ပေးလို့
ကြက်ခြေနီတို့ သွေးပေါ့ကွယ်
မှတ်ဖွယ် ... မှတ်ဖွယ်။ ။

mgyoe.com